# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

## သစ်တောဦးစီးဌာန

## သစ်တောမြေများတွင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

အိတ်ဖွင့်တင်ဒါအမှတ် (၉/၂၀၁၄-၂၀၁၅)

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်(၈)ခုရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောမြေများကို ဧရိယာ (၁၀၀၀)ဧကနှင့်အထက် လုပ်ကွက်များ သတ်မှတ်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လုပ်ကိုင်ဆောင်ရွက်လိုသည့် ပြည်တွင်း/ပြည်ပ ပုဂ္ဂလိက၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်-

(က) လုပ်ကွက် (၁)ကွက်အတွက် တင်ဒါအဆိုပြုလွှာ (၁)စောင်တင်သွင်းရပါမည်။

(ခ) တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များ ပူးတွဲတစ်စုံလျှင် ကျပ် (၁၀၀၀၀)နှုန်းဖြင့် ၂၄-၁၀-၂၀၁၄ ရက်မှစတင်၍ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် ရုံးအမှတ် (၃၉) နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနတို့တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

(ဂ) တင်ဒါအဆိုပြုလွှာကို ၂၃-၁၁-၂၀၁၄ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ ရုံးအမှတ် (၃၉)၊ နေပြည်တော်သို့ တင်သွင်းရပါမည်။

(ဃ) အသေးစိတ်အချက်အလက်များသိရှိလိုပါက သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၅၁၁၁၊ ၄၀၅၀၁၆၊ ၄၀၅၃၉၉၊ ၄၀၅၀၁၉ နှင့် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သစ်တောဦးစီးဌာန